လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန
Ministry of Social Welfare, Relief and Resettlement
Office No. (23), Nay Pyi Taw

Monthly Newsletter သတင်းလွှာ July 2024

# ၂၀၂၄ ခုနှစ် မြန်မာအမျိုးသမီးများနေ့ အခမ်းအနား ကျင်းပခြင်း




**၂၀၂၄ခုနှစ်၊ ဇူလိုင်လ ၃ ရက်** **နေပြည်တော်**

၂၀၂၄ခုနှစ် မြန်မာအမျိုးသမီးများနေ့အခမ်းအနားကို ၂၀၂၄ ခုနှစ်၊ ဇူလိုင်လ (၃) ရက်နေ့တွင် နေပြည်တော်၊ မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန-၂ MICC-II ၌ ကျင်းပရာ မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ် ဂုဏ်ထူးဆောင်နာယက နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်၏ ဇနီး ဒေါ်ကြူကြူလှနှင့် တာဝန်ရှိသူများ တက်ရောက်ချီးမြှင့်ခဲ့ပါသည်။

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က Video Message ဖြင့် အဖွင့်မိန့်ခွန်း ပြောကြားခဲ့ပါသည်။

ထို့နောက် မြန်မာနိုင်ငံလုံးဆိုင်ရာအမျိုးသမီးကော်မတီဥက္ကဋ္ဌ လူမှုဝန်ထမ်း၊ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာစိုးဝင်းက အမျိုးသမီးများ ဖွံ့ဖြိုးတိုးတက်ရေး၊ အမျိုးသမီးအခွင့်အရေး မြှင့်တင်ဖော်ဆောင်ရေးနှင့် အမျိုးသမီးများအပေါ် အကြမ်းဖက်မှု တုံ့ပြန်တားဆီးကာကွယ်ရေးဆိုင်ရာ ဆောင်ရွက်ချက်များကို ရှင်းလင်းတင်ပြခဲ့ပြီး အမျိုးသမီးများဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ နိုင်ငံတော်အဆင့် မဟာဗျူဟာစီမံကိန်း (၂၀၂၃-၂၀၃၂) လုပ်ငန်းနယ်ပယ်(၁၂)ရပ် Video Clip ကို ပြသခဲ့ပါသည်။

ဆက်လက်၍ ၂၀၂၃ ခုနှစ်အတွင်း ကဏ္ဍအလိုက် ထူးချွန်အမျိုးသမီးဆုများအား ဂုဏ်ပြုဆုတံဆိပ်၊ ဂုဏ်ပြုမှတ်တမ်းလွှာနှင့် ဂုဏ်ပြုဆုငွေများကို တာဝန်ရှိသူများက ပေးအပ်ချီးမြှင့်ခဲ့ကြပါသည်။



ထို့နောက် ပြန်ကြားရေးဝန်ကြီးဌာန မြန်မာ့အသံနှင့် ရုပ်မြင်သံကြားမှ တေးသံရှင်များက ၂၀၂၄ ခုနှစ် မြန်မာအမျိုးသမီးများနေ့ ဂုဏ်ပြုတေးသီချင်းဖြစ်သည့် “အမျိုးသမီးကော်မတီ” သီချင်းဖြင့် လည်းကောင်း၊ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန အနုပညာဦးစီးဌာနမှ အနုပညာရှင်များက “ရွှေမြန်မာသာယာငြိမ်းချမ်း” တေးသီချင်းနှင့်အတူ တိုင်းရင်းသားအကဖြင့်လည်းကောင်း ဖျော်ဖြေ တင်ဆက်ခဲ့ကြပါသည်။

**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ်၏ဇနီး မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် ဂုဏ်ထူးဆောင်နာယက ဒေါ်ကြူကြူလှ မြန်မာအမျိုးသမီးများနေ့ အထိမ်းအမှတ် အကြိုလှုပ်ရှားမှု “ခေတ်ပြိုင်ဆင်ယင်၊ ယဉ်ကျေးအသွင်၊ တင့်တယ်ခြယ်သ၊ မြန်မာအမျိုးသမီးများအလှ ဝတ်စားဆင်ယင်မှုပြပွဲနှင့် ပဒေသာကပွဲ” သို့ တက်ရောက်အားပေးခြင်း**



**၂၀၂၄ခုနှစ်၊ ဇူလိုင်လ ၁ ရက်** **နေပြည်တော်**

“ခေတ်ပြိုင်ဆင်ယင်၊ယဉ်ကျေးအသွင်၊ တင့်တယ်ခြယ်သ၊ မြန်မာအမျိုးသမီးများ အလှဝတ်စားဆင်ယင်မှုပြပွဲနှင့် ပဒေသာကပွဲ”ကို (၁-၇-၂၀၂၄) နေပြည်တော်၊ မြန်မာအပြည်ပြည် ဆိုင်ရာကွန်ဗင်းရှင်းဗဟိုဌာန-၂ (MICC-2)၌ ကျင်းပရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ်၏ဇနီး မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် ဂုဏ်ထူးဆောင် နာယက ဒေါ်ကြူကြူလှ တက်ရောက်အားပေးခဲ့ပါသည်။

၂၀၂၄ ခုနှစ် ဇူလိုင် (၃) ရက်တွင် ကျရောက်သော မြန်မာအမျိုးသမီးများနေ့ကို ဂုဏ်ပြု ကြိုဆိုသောအားဖြင့်

မြန်မာနိုင်ငံလုံးဆိုင်ရာအမျိုးသမီးကော်မတီက ကြီးမှူးပြီး မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်က စီစဉ်တင်ဆက်ခြင်း ဖြစ်ပါသည်။

အခမ်းအနားတွင် “မြန်မာအမျိုးသမီးများနေ့” တေးသီချင်း၊ “ပေါ့ပါးဝတ်ဆင်၊ ယဉ်ကျေးအသွင်” ခေါင်းစဉ်ဖြင့် နာမည်ကျော်ဝတ်စုံဒီဇိုင်နာများ ဖန်တီးဆန်းသစ်ထားသောဝတ်စုံများဝတ်စားဆင်ယင်ပြသမှု၊ “ပြည်ထောင်စုကြီးထာဝရတည်တံ့စေသား” တေးသီချင်း၊ တိုင်းရင်းသားသီချင်းများ အပါအဝင် နိုင်ငံကျော်အဆိုတော်များက တေးသီချင်းများဖြင့် ဖျော်ဖြေတင်ဆက်ခဲ့ကြပါသည်။



ထို့နောက် “ပြည်ထောင်စုကြီးတို့ရဲ့ မြန်မာ” သီချင်း၊ နာမည်ကျော် ဒီဇိုင်နာတို့၏ ဖန်တီးမှုလက်ရာများဖြင့် “ရှမငြီးဖွဲမက်၊ ပိုးမင်းကြီးပွဲတက်” ဝတ်စားဆင်ယင်ပြသမှုနှင့် တေးသီချင်းများ၊ တစ်ခန်းရပ်ပြဇာတ်များကို တင်ဆက်ပြသခဲ့ကြပါသည်။



ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ်၏ဇနီး မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ် ဂုဏ်ထူးဆောင်နာယက ဒေါ်ကြူကြူလှနှင့် ဂုဏ်ထူးဆောင် နာယကများက မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်ကို ဂုဏ်ပြုပန်းစည်း ချီးမြှင့်ခဲ့ပါသည်။

## အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုလုပ်ငန်းကော်မတီ ညှိနှိုင်းအစည်းအဝေးကျင်းပခြင်း




**၂၀၂၄ ခုနှစ်၊ ဇူလိုင်လ ၃ ရက်** **နေပြည်တော်**

"အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှု လုပ်ငန်းကော်မတီ လုပ်ငန်းညှိနှိုင်းအစည်းအဝေး" ကို လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာ ချထားရေး ဝန်ကြီးဌာန၊ အစည်းအဝေးခန်းမ၌ ၂၀၂၄ ခုနှစ်၊ ဇူလိုင်လ (၃) ရက်နေ့တွင် ကျင်းပခဲ့ရာ အမျိုးသားသဘာဝ ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုလုပ်ငန်းကော်မတီ ဥက္ကဋ္ဌ၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဒေါက်တာစိုးဝင်းနှင့် တာဝန်ရှိသူများ တက်ရောက်ခဲ့ကြပါသည်။



အစည်းအဝေးတွင် လုပ်ငန်းကော်မတီ ဥက္ကဋ္ဌ၊ ပြည်ထောင်စုဝန်ကြီးက ပြီးခဲ့သည့်ဇွန်လတွင် ကျင်းပခဲ့သော အမျိုးသားသဘာဝ ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုကော်မတီ ဥက္ကဋ္ဌ၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဦးဆောင်သည့် အမျိုးသားကော်မတီအစည်းအဝေးတွင် ရာသီကာလအလိုက် ဖြစ်ပွားနိုင်သော သဘာဝဘေးများ အတွက် လုပ်ဆောင်ရမည့် စီမံခန့်ခွဲမှုလုပ်ငန်း အစီအမံ များကို လမ်းညွှန်ခဲ့ပြီးဖြစ်ပါကြောင်း၊ ယနေ့လုပ်ငန်း ကော်မတီ အစည်းအဝေးတွင် လတ်တလော ဖြစ်ပွားနေ သော ကချင်ပြည်နယ် ရေကြီးရေလျှံမှုအပါအဝင် ဧရာဝတီ မြစ်နှင့် ချင်းတွင်းမြစ်တစ်လျှောက် ဆက်စပ် ဖြစ်ပွားလာ နိုင်သည့် ရေကြီးရေလျှံမှုနှင့် မြေပြိုမှုများ၊ မုတ်သုန်ကာလ အတွင်း လိုအပ်သည့် ကြိုတင်ပြင်ဆင်မှုများနှင့် ပေါင်းစပ် ညှိနှိုင်းရေးဆိုင်ရာများအတွက် ညှိနှိုင်းအစည်းအဝေးခေါ်ယူ ရခြင်းဖြစ်ပါကြောင်း၊ ကဏ္ဍအလိုက်ကြိုတင်စီမံထားရှိမှု များကို တင်ပြကြရန်နှင့် အချိန်နှင့်တစ်ပြေးညီ အချိတ် အဆက်မိမိ ဆောင်ရွက်နိုင်ရေးအတွက် လုပ်ထုံးလုပ်နည်း များနှင့်အညီ ဝိုင်းဝန်းဆောင်ရွက်ကြရန်တို့ကို ပြောကြားခဲ့ ပါသည်။



ယင်းနောက် လုပ်ငန်းကော်မတီဒုတိယဥက္ကဋ္ဌနှင့် ကော်မတီဝင်များက သက်ဆိုင်ရာ ပြည်ထောင်စုဝန်ကြီး ဌာန၊ အဖွဲ့အစည်းအလိုက်၊ တိုင်းဒေသကြီး/ပြည်နယ် အလိုက် စီမံဆောင်ရွက် ထားရှိမှုအခြေအနေများ၊ ဒေသခံ ပြည်သူများနှင့် အစိုးရတာဝန်ရှိသူများအကြား ပေါင်းစည်း ဆောင်ရွက်ရန် ကိစ္စများအား တင်ပြဆွေးနွေးခဲ့ကြပြီး မိုးလေဝသနှင့်ဇလဗေဒ ညွှန်ကြားမှုဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ်က မြစ်ရေကြီးမှုအခြေအနေများအား ဆွေးနွေးတင်ပြခဲ့ကာ ပြည်ထောင်စုဝန်ကြီးက လိုအပ် သည်များ ပေါင်းစပ်ညှိနှိုင်းပေးခဲ့ပြီး အစည်းအဝေးကို ရုတ်သိမ်းခဲ့ပါသည်။



# ကချင်ပြည်နယ်ရေဘေးသင့်ပြည်သူများအတွက် မြန်မာနိုင်ငံအမျိုးသမီးများနှင့် ကလေးသူငယ်များ ဘဝမြှင့်တင်ရေးအသင်းမှ လှူဒါန်းငွေပေးအပ်ခြင်း



**၂၀၂၄ခုနှစ်၊ ဇူလိုင်လ ၃ ရက်** **နေပြည်တော်**

ဇူလိုင်လ(၃)ရက်နေ့တွင် ကျရောက်သော မြန်မာအမျိုးသမီးများနေ့ကို ဂုဏ်ပြုသောအားဖြင့် ကချင်ပြည်နယ်ရေဘေးသင့် ပြည်သူများအတွက် မြန်မာနိုင်ငံအမျိုးသမီးများနှင့် ကလေးသူငယ်များဘဝ မြှင့်တင်ရေးအသင်းမှ ငွေကျပ် (၃,၀၀၀,၀၀၀/-) ပေးအပ်လှူဒါန်းခြင်းအခမ်းအနားကို လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ မေခလာခန်းမ၌ ၂၀၂၄ ခုနှစ်၊ ဇူလိုင်လ (၃) ရက်နေ့တွင် ကျင်းပခဲ့ရာ အခမ်းအနားသို့ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဒေါက်တာစိုးဝင်းနှင့် တာဝန်ရှိသူများ တက်ရောက်ခဲ့ကြပါသည်။

မြန်မာနိုင်ငံအမျိုးသမီးများနှင့် ကလေးသူငယ်များဘဝမြှင့်တင်ရေးအသင်း ဥက္ကဋ္ဌ၊ ဒေါက်တာ ဒေါ်ဝေဝေသာက လှူဒါန်းရခြင်းနှင့် စပ်လျဉ်း၍ ပြောကြားခဲ့ပြီး လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးက ကချင်ပြည်နယ် ရေကြီးရေလျှံမှုနှင့် စပ်လျဉ်း၍ သက်ဆိုင်ရာအလိုက် စီမံခန့်ခွဲဆောင်ရွက်နေမှုများနှင့် ကျေးဇူးတင်စကား ပြန်လည်ပြောကြား၍ လှူဒါန်းငွေကျပ်သိန်း (၃,၀၀၀,၀၀၀/-) ကို လက်ခံရယူကာ ဂုဏ်ပြုမှတ်တမ်းလွှာပြန်လည်ပေးအပ်ခဲ့ပါသည်။





## ပြည်ထောင်စုဝန်ကြီး၊ ဒေါက်တာစိုးဝင်း ၂၀၂၃-၂၀၂၄ ပညာသင်နှစ် တက္ကသိုလ်ဝင်တန်းတွင် ဝိဇ္ဇာဘာသာတွဲ၌ အမှတ်အများဆုံးရရှိခဲ့သည့် ကျောင်းသူအား ဂုဏ်ပြုတံဆိပ်နှင့် ချီးမြှင့်ငွေပေးအပ်ခြင်း



**၂၀၂၄ခုနှစ်၊ ဇူလိုင်လ ၄ ရက်** **နေပြည်တော်**

၂၀၂၄ ခုနှစ် မြန်မာအမျိုးသမီးများနေ့ကို ဂုဏ်ပြုသောအားဖြင့် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးက ၂၀၂၃-၂၀၂၄ ပညာသင်နှစ် တက္ကသိုလ် ဝင်တန်းတွင် ဝိဇ္ဇာဘာသာတွဲ၌ အမှတ်အများဆုံးရရှိခဲ့သည့် မဝင်းလက်တွယ်တာအား ၂၀၂၄ ခုနှစ်၊ ဇူလိုင်လ (၄) ရက်နေ့တွင် ဝန်ကြီးဌာန၊ မေခလာခန်းမ၌ ဂုဏ်ပြုဆုတံဆိပ်နှင့် ချီးမြှင့်ငွေ ပေးအပ်ခြင်း အခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီး ဒေါက်တာစိုးဝင်း၊ ဒုတိယဝန်ကြီး ဦးစိုးကြည်၊ အမြဲတမ်းအတွင်းဝန်၊ ညွှန်ကြားရေးမှူးချုပ်များနှင့် တာဝန်ရှိသူများက တက်ရောက်ခဲ့ကြပါသည်။

## ပြည်ထောင်စုဝန်ကြီး ဒေါက်တာစိုးဝင်း စခန်းအခြေပြုပြန်လည်ထူထောင်ရေးသင်တန်း အမှတ်စဉ်(၁/၂၀၂၄) သင်တန်းဖွင့်ပွဲအခမ်းအနားတက်ရောက်ခြင်း

**၂၀၂၄ခုနှစ်၊ ဇူလိုင်လ ၁၂ ရက်** **ရှမ်းပြည်နယ်**

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဒေါက်တာစိုးဝင်းသည် ၂၀၂၄ ခုနှစ်၊ ဇူလိုင်လ (၁၂) ရက်နေ့တွင် တာချီလိတ်မြို့၊ အောင်မြတ်ခန်းမ၌ ကျင်းပပြုလုပ်သော စခန်းအခြေပြုပြန်လည်ထူထောင်ရေးသင်တန်းအမှတ်စဉ် (၁/၂၀၂၄) သင်တန်းဖွင့်ပွဲ အခမ်းအနားသို့ တက်ရောက်ပြီး အဖွင့်အမှာစကားပြောကြားခဲ့ရာ ပြည်ထောင်စုဝန်ကြီးက လူငယ်များသည် တိုင်းပြည်၏ အနာဂတ်များဖြစ်၍ နိုင်ငံကို တစ်ဖက်တစ်လမ်းမှ အကျိုးပြုသည့် နိုင်ငံ့သားကောင်းရတနာများ ပြန်လည်ဖြစ်ပေါ်လာစေရေး ရည်ရွယ်၍ ယခုကဲ့သို့ သင်တန်းများဖြင့် လေ့ကျင့်ပျိုးထောင်ပေးရခြင်းဖြစ်ကြောင်း၊ စနစ်တကျ လေ့ကျင့်ပေးခြင်းဖြစ်၍ မိမိတို့၏ မိသားစု၊ ရပ်ရွာအသိုက်အဝန်းအတွင်း ပြန်လည်ဝင်ဆံ့လာပြီး တန်ဖိုးရှိသော လူစွမ်းအား အရင်းအမြစ်များ တိုးတက်ဖြစ်ထွန်းလာရေးကြိုးစားလိုက်နာသင်ကြားကြရန် တို့ကို တိုက်တွန်းမှာကြားခဲ့ပါသည်။

# ပြည်ထောင်စုဝန်ကြီး ဒေါက်တာစိုးဝင်း ငလျင်ဘေးအန္တရာယ်ဇာတ်တိုက်လေ့ကျင့်မှုသို့ တက်ရောက် အမှာစကားပြောကြားခြင်း



**၂၀၂၄ခုနှစ်၊ ဇူလိုင်လ ၁၃ ရက်** **ရှမ်းပြည်နယ်**

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဒေါက်တာစိုးဝင်းသည် ၂၀၂၄ ခုနှစ်၊ ဇူလိုင်လ (၁၃) ရက်နေ့တွင် တာချီလိတ်မြို့၊ အခြေခံပညာ အထက်တန်းကျောင်း (ဟောင်လိတ်)၌ ပြုလုပ်ဆောင်ရွက်သည့် ငလျင်ဘေးအန္တရာယ် သဏ္ဍာန်တူ ဇာတ်တိုက်လေ့ကျင့်မှုသို့ တက်ရောက်ကြည့်ရှု အမှာစကားပြောကြားခဲ့ရာ ပြည်ထောင်စုဝန်ကြီးက ဘေးအန္တရာယ်များ၏ သဘောသဘာဝအရ လုံးဝမဖြစ်ပွားအောင် ကာကွယ်တားဆီး၍ မရနိုင်သည့်အတွက် ကြိုတင်ပြင်ဆင်ခြင်း လုပ်ငန်းများဖြင့်သာ ထိခိုက်ဆုံးရှုံးမှုများ လျော့နည်းစေရေး ဆောင်ရွက်ကြရပါကြောင်း၊ ထိုကဲ့သို့ဆောင်ရွက်ရာတွင် ဌာနဆိုင်ရာ အဖွဲ့အစည်းအသီးသီးက ဆောင်ရွက်ရမည့် လုပ်ငန်းဆောင်တာများရှိသကဲ့သို့ဒေသတွင် နေထိုင်သော ပြည်သူများအနေဖြင့် သိရှိလိုက်နာ ဆောင်ရွက်ရန်များလည်း ရှိပါကြောင်း၊ ထိုဆောင်ရန်၊ ရှောင်ရန်အချက်များကို သိရှိပြီး စွဲမြဲလိုက်နာ လုပ်ဆောင်တတ်သည့် လူမှုအသိုက်အဝန်း ဖြစ်ပေါ်စေရေးအတွက် ယခုကဲ့သို့သော ဇာတ်တိုက်လေ့ကျင့်ခြင်းများကိုဒေသအလိုက်၊ တိုင်းဒေသကြီး/ ပြည်နယ် အစိုးရအဖွဲ့များနှင့် ပူးပေါင်း၍ ရပ်ကွက်/ ကျေးရွာအဆင့်အထိ ကျယ်ကျယ်ပြန့်ပြန့် ဆောင်ရွက်ကြရပါကြောင်း၊ သဏ္ဍာန်တူ ဇာတ်တိုက်လေ့ကျင့်ခန်းဆိုသည်မှာ မိမိတို့ရပ်ရွာတွင် ရာသီကာလအလိုက် ဖြစ်ပွားတတ်သော သဘာဝဘေးများနှင့်စပ်လျဉ်းပြီး အမြဲအသင့်ရှိနေစေရေး၊ ဘေးလွတ်ရာသို့ အမြန်ဆုံး ရှောင်တိမ်းနိုင်ရေးတို့အတွက် အဆင့်ဆင့်သော သဘာဝဘေးအန္တရာယ် စီမံခန့်ခွဲမှုအဖွဲ့များနှင့် ပြည်သူများ ပူးပေါင်း၍ သဘာဝဘေးအန္တရာယ် မကျရောက်မီအဆင့်တွင် ကြိုတင်ပြင်ဆင်ဆောင်ရွက်သည့် လုပ်ငန်းတစ်ခုဖြစ်ပါကြောင်း၊ ငလျင်ဘေးအန္တရာယ်သည် ကြိုတင်သတိပေးချက် မရရှိနိုင်ဘဲ အချိန်မရွေး ဖြစ်ပွားတတ်ပြီး ထိခိုက်ဆုံးရှုံးမှုလည်း ကြီးမားလေ့ရှိသဖြင့် မလိုလားအပ်သော ဆိုးကျိုး သက်ရောက်မှုများမှ ကာကွယ်နိုင်ရန်နှင့် ထိရောက်စွာ တုံ့ပြန်တတ်စေရန် ရည်ရွယ်၍ ဆောင်ရွက်ရခြင်းဖြစ်ပါကြောင်း၊ ငလျင်ဘေး ဇာတ်တိုက်လေ့ကျင့်ခြင်းဖြင့် အခြားသောရေဘေး၊လေဘေး အန္တရာယ်များအတွက်လည်း အမြဲအသင့်ဖြစ်နေမည် ဖြစ်ပါကြောင်း၊ ဇာတ်တိုက်လေ့ကျင့်မှုမှ ရရှိလာသည့် အတွေ့အကြုံများကို မိမိတို့၏ မိသားစု၊ ပတ်ဝန်းကျင်တွင်

ပြန်လည်လက်ဆင့်ကမ်း မျှဝေပေးစေလိုကြောင်းနှင့် လျှင်ဇာတ်တိုက် လေ့ကျင့်မှု ဖြစ်မြောက်စေရေးအတွက် အဖက်ဖက်မှ ဝိုင်းဝန်းပံ့ပိုးကူညီပေးကြသော တာချီလိတ် စစ်ဗျူဟာ၊ တာချီလိတ်ခရိုင်နှင့် မြို့နယ်ဌာနဆိုင်ရာများ၊ မြို့မိမြို့ဖများ၊ ပါဝင်ခဲ့ကြသည့် ကျောင်းသား/ကျောင်းသူများ၊ ဆရာ/ဆရာမများ၊ လူမှုရေးအသင်း အဖွဲ့များအားလုံးကို ကျေးဇူးတင်ရှိကြောင်း ပြောကြားခဲ့ပါသည်။

ယင်းနောက် တာချီလိတ်မြို့၊ မြို့မိမြို့ဖများ၊ ခရိုင်/မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ တာချီလိတ်ခရိုင် ကုန်သည်ကြီးများအသင်းနှင့် ရွှေလုပ်ငန်းရှင်များအသင်းတို့က လှူဒါန်းသော ငွေကျပ်သိန်း(၅၀၀)ကို လက်ခံရယူကာ အလှူငွေ လှူဒါန်းသူများနှင့် ဇာတ်တိုက်လေ့ကျင့်ခန်းအတွက် အဖက်ဖက်က ပံ့ပိုးဆောင်ရွက်ခဲ့သောစေတနာရှင်၊ အလှူရှင်များကို အသိအမှတ်ပြု ဂုဏ်ပြုမှတ်တမ်းများ ပြန်လည်ပေးအပ်ခဲ့ပါသည်။

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနအနေဖြင့်သက်ဆိုင်ရာတိုင်းဒေသကြီး/ပြည်နယ်အစိုးရအဖွဲ့များနှင့် ပူးပေါင်း၍ ယခုကဲ့သို့ သဏ္ဌာန်တူ ဇာတ်တိုက် လေ့ကျင့်ခန်းများကို ၂၀၂၃-၂၀၂၄ ဘဏ္ဍာရေးနှစ်တွင် လူဦးရေ (၁၉၂၂၀) ဦးဖြင့် အကြိမ် (၆၀)၊ ၂၀၂၄-၂၀၂၅ ဘဏ္ဍာရေးနှစ်၊ ဇွန်လကုန်ထိ လူဦးရေ (၅၂၁၁) ဦးဖြင့် (၁၄) ကြိမ် ဆောင်ရွက်ခဲ့ပြီးဖြစ်ကြောင်း သိရှိရပါသည်။

**ပြည်ထောင်စုဝန်ကြီး ဒေါက်တာစိုးဝင်းအား ကုလသမဂ္ဂ လူဦးရေရန်ပုံငွေအဖွဲ့ (UNFPA) ၏ မြန်မာနိုင်ငံဆိုင်ရာ ဌာနေကိုယ်စားလှယ်ဖြစ်သူ Mr. Jaime Nadal Roig မှ လာရောက်တွေ့ဆုံခြင်း**



**၂၀၂၄ခုနှစ်၊ ဇူလိုင်လ ၁၇ ရက်** **နေပြည်တော်**

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဒေါက်တာစိုးဝင်းအား ကုလသမဂ္ဂလူဦးရေရန်ပုံငွေအဖွဲ့ (UNFPA) ၏ မြန်မာနိုင်ငံဆိုင်ရာဌာနေကိုယ်စားလှယ်ဖြစ်သူ Mr. Jaime Nadal Roig ဦးဆောင်သော အဖွဲ့သည် ၂၀၂၄ ခုနှစ်၊ ဇူလိုင်လ (၁၇) ရက်နေ့တွင် အဆိုပါဝန်ကြီးဌာန၊ ဧည့်ခန်းမ၌ လာရောက်တွေ့ဆုံခဲ့ရာ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနနှင့် UNFPAတို့အကြား

လုပ်ငန်းအစီအစဉ် (Workplan) ရေးထိုးဆောင်ရွက်နိုင်ရေးနှင့် လူသားချင်းစာနာမှုလုပ်ငန်းများတွင် ပူးပေါင်းဆောင်ရွက်နိုင်မည့် အလားအလာများကို ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ် ဆွေးနွေးခဲ့ကြပါသည်။

## ပြည်ထောင်စုဝန်ကြီး ဒေါက်တာစိုးဝင်း အပြည်ပြည်ဆိုင်ရာကြက်ခြေနီကော်မတီ (ICRC) ၏ မြန်မာနိုင်ငံဆိုင်ရာဌာနေကိုယ်စားလှယ်ဖြစ်သူ Ms. Elena Ajmone Sessera အား လက်ခံတွေ့ဆုံခြင်း



**၂၀၂၄ခုနှစ်၊ ဇူလိုင်လ ၂၃ ရက်** **နေပြည်တော်**

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဒေါက်တာစိုးဝင်းသည် အပြည်ပြည်ဆိုင်ရာ ကြက်ခြေနီကော်မတီ (ICRC) ၏ မြန်မာနိုင်ငံဆိုင်ရာဌာနေကိုယ်စားလှယ်ဖြစ်သူ Ms. Elena Ajmone Sessera ဦးဆောင်သော အဖွဲ့အား ၂၀၂၄ ခုနှစ်၊ ဇူလိုင်လ (၂၃) ရက်နေ့တွင် ဝန်ကြီးဌာန၊ ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံခဲ့ရာ ICRC ၏ မြန်မာနိုင်ငံတွင် ဆောင်ရွက်နေသော လုပ်ငန်းများ၊ မိုင်းအန္တရာယ်ဆိုင်ရာ အသိပညာပေးလုပ်ငန်းများ၊ မိုင်းဒဏ်သင့်ပြည်သူများအား ရုပ်ပိုင်းဆိုင်ရာ ပြန်လည်ထူထောင်ရေးလုပ်ငန်းများတွင် ဝန်ကြီးဌာနနှင့် ပူးပေါင်းဆောင်ရွက်နိုင်ရေးကိစ္စရပ်များကို ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ်ဆွေးနွေးခဲ့ကြပါသည်။

## လူမှုရေးပညာဘာသာရပ် အထောက်အကူပြုသင်တန်းဖွင့်လှစ်ခြင်း

**၂၀၂၄ခုနှစ်၊ ဇူလိုင်လ ၂၉ ရက်** **နေပြည်တော်**

လူမှုရေးပညာဘာသာရပ် အထောက်အကူပြုသင်တန်း ဖွင့်လှစ်ခြင်းအား (၂၉-၇-၂၀၂၄) ရက်တွင် မင်္ဂလာသီရိဟိုတယ်၌ ကျင်းပခဲ့ပါသည်။ သင်တန်းဖွင့်ပွဲအခမ်းအနားသို့ လူမှုဝန်ထမ်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာစန်းစန်းအေး၊ ဒုတိယညွှန်ကြားရေးမှူးချုပ်၊ ညွှန်ကြားရေးမှူးများ၊ ဘာသာရပ်ဆိုင်ရာသင်တန်းနည်းပြ

များနှင့် သင်တန်းသား၊ သင်တန်းသူများ တက်ရောက်ခဲ့ကြပါသည်။ သင်တန်းအား(၂၉.၇.၂၀၂၄) ရက်မှ (၂.၈.၂၀၂၄)ရက်ထိ သင်တန်းသား/ သင်တန်းသူ (၁၃) ဦးဖြင့် သင်ကြား ပို့ချသွားမည်ဖြစ်ပါသည်။ သင်တန်းတွင် ညွှန်ကြားရေးမှူးချုပ်က အဖွင့်အမှာစကားပြောကြားခဲ့ပြီး ဒုတိယညွှန်ကြားရေးမှူးချုပ်က သင်တန်းနှင့်ပတ်သက်၍ လိုအပ်သည်များကို ရှင်းလင်းပြောကြားခဲ့ပါသည်။

ထို့နောက် သင်တန်းနည်းပြများက သင်တန်းတွင် ပို့ချမည့် ဘာသာရပ်ဆိုင်ရာများအား ရှင်းလင်းတင်ပြခဲ့ပါသည်။ သင်တန်းသားများမှ တစ်ဦးချင်း မိတ်ဆက်ခဲ့ကြပြီး စုပေါင်း မှတ်တမ်းတင် ဓါတ်ပုံရိုက်ကူးခဲ့ကြပါသည်။

## ၂၀၂၄ ခုနှစ်၊ "မြန်မာအမျိုးသမီးများနေ့" အထိမ်းအမှတ်အခမ်းအနားကျင်းပခြင်း

**၂၀၂၄ခုနှစ်၊ ဇူလိုင်လ ၃ ရက် တိုင်းဒေသကြီး/ပြည်နယ်အသီးသီး**



၂၀၂၄ ခုနှစ်၊ ဇူလိုင်(၃)ရက်နေ့တွင် ကျရောက်သည့် **"မြန်မာအမျိုးသမီးများနေ့"** အထိမ်းအမှတ် အခမ်းအနားအား တိုင်းဒေသကြီး/ပြည်နယ်များ၌ ကျင်းပခဲ့ကြပါသည်။ အခမ်းအနားတွင် တိုင်းဒေသကြီး/ပြည်နယ်အစိုးရအဖွဲ့ဝင်ဝန်ကြီးများနှင့် ၎င်းတို့၏ဇနီးများ၊ တိုင်းဒေသကြီး/ပြည်နယ်အစိုးရအဖွဲ့ဝင် အတွင်းရေးမှူးများနှင့် တာဝန်ရှိသူများ၊ တိုင်းဒေသကြီး/ပြည်နယ် အမျိုးသမီးကော်မတီဝင်များ၊ အမျိုးသမီးရေးရာအဖွဲ့များ၊ မိခင်နှင့်ကလေးစောင့်ရှောက်ရေး ကြီးကြပ်မှုအဖွဲ့များ၊ မြန်မာနိုင်ငံအမျိုးသမီးနှင့်ကလေးသူငယ်များ ဘဝမြှင့်တင်ရေးအသင်းဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ အမျိုးသမီးအားကစားအဖွဲ့ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာ အကြီးအကဲများနှင့် ဇနီးများ၊တိုင်းဒေသကြီး/ပြည်နယ်များအတွင်း အမျိုးသမီးများ ဖွံ့ဖြိုးတိုးတက်ရေးကို တက်ကြွစွာ လှုပ်ရှားဆောင်ရွက်နေသည့် အဖွဲ့အစည်းများနှင့် ဖိတ်ကြားထားသည့် ဧည့်သည်တော်များ တက်ရောက်ခဲ့ကြပါသည်။




တိုင်းဒေသကြီး/ ပြည်နယ်ဝန်ကြီးချုပ်များမှ အဖွင့်အမှာစကားပြောကြားပြီး အစီအစဉ်အရ အမျိုးသမီးများ ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ နိုင်ငံတော်အဆင့် မဟာဗျူဟာစီမံကိန်း - National Strategic Plan for the Advancement of Women (၂၀၂၃-၂၀၃၂) လုပ်ငန်းနယ်ပယ် (၁၂)ရပ်အား Video Clip ဖြင့် မိတ်ဆက်ပြသပြီး တေးသရုပ်ဖော်၊ အကပဒေသာများဖြင့် ဖျော်ဖြေတင်ဆက်ခဲ့ကြပါသည်။

ဆက်လက်ပြီး မြန်မာအမျိုးသမီးများနေ့အကြို စာစီစာကုံးပြိုင်ပွဲ၊ ဆောင်းပါးပြိုင်ပွဲနှင့် ဓာတ်ပုံပြိုင်ပွဲများတွင် ဆုရရှိသူများအားလည်းကောင်း၊ အားကစားပြိုင်ပွဲများတွင် နိုင်ငံ့ဂုဏ်ဆောင် ဆုတံဆိပ်များရရှိခဲ့ကြသော ထူးချွန်အမျိုးသမီးများနှင့် ကဏ္ဍအသီးသီးတွင် ထူးချွန်အမျိုးသမီးများနှင့် အဖွဲ့များအားလည်းကောင်း၊ အကြိမ်အများဆုံး သွေးလှူခဲ့ကြသော အမျိုးသမီးသွေးလှူရှင်များ

အားလည်းကောင်း၊ ၂၀၂၃-၂၀၂၄ ပညာသင်နှစ် တက္ကသိုလ်ဝင်တန်းစာမေးပွဲတွင် (သိပ္ပံ၊ဝိဇ္ဇာ၊ဝိပ္ပံ) ဘာသာတွဲများတွင် အမှတ်အများဆုံးဖြင့် ထူးချွန်စွာအောင်မြင်ခဲ့သည့် အမျိုးသမီးများအားလည်းကောင်း၊ ဖျော်ဖြေရေးအစီအစဉ်တွင်ပါဝင်သည့် အဖွဲ့များအားလည်းကောင်း ဂုဏ်ပြုမှတ်တမ်းလွှာနှင့် ဂုဏ်ပြုဆုများအသီးသီး ချီးမြှင့်ခဲ့ပါသည်။

ထို့နောက် တိုင်းဒေသကြီး/ ပြည်နယ်အစိုးရအဖွဲ့ဝင် ဝန်ကြီးများနှင့် ဌာနဆိုင်ရာ တာဝန်ရှိ သူများက မြန်မာအမျိုးသမီးများနေ့ အထိမ်းအမှတ် အခမ်းအနား ဓါတ်ပုံပြခန်းနှင့် လူမှုဝန်ထမ်းဦးစီးဌာန၊အမျိုးသမီးကျောင်းများမှ ထွက်ကုန်ပစ္စည်းများအား လှည့်လည်ကြည့်ရှုအားပေးခဲ့ကြပြီး အခမ်းအနားအား ရုတ်သိမ်းခဲ့ကြပါသည်။

## သာယာဝတီခရိုင်အဆင့် အဆိုးရွားဆုံးပုံစံဖြင့် ခိုင်းစေခြင်းခံရသော ကလေးအလုပ်သမားများ ဖယ်ရှားရေးနှင့် ပြန်လည်ကုစားရေးဆပ်ကော်မတီအစည်းအဝေးကျင်းပခြင်း

**၂၀၂၄ခုနှစ်၊ ဇူလိုင်လ ၁၁ ရက်** **ပဲခူးတိုင်းဒေသကြီး**



ပဲခူးတိုင်းဒေသကြီး (အနောက်)၊ သာယာဝတီခရိုင်အဆင့် အဆိုးရွားဆုံးပုံစံဖြင့် ခိုင်းစေခြင်းခံရသော ကလေးအလုပ်သမားများဖယ်ရှားရေးနှင့်ပြန်လည်ကုစားရေးဆပ်ကော်မတီ အစည်းအဝေးကို (၁၁.၇.၂၀၂၄)ရက်နေ့၌ သာယာဝတီခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမတွင် ကျင်းပပြုလုပ်ခဲ့ရာ စုစုပေါင်း (၁၄)ဦး တက်ရောက်ခဲ့ပါသည်။

အစည်းအဝေးတွင် ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့၊ အဖွဲ့ဝင်-၂က အဖွင့်အမှာစကားပြောကြားပြီး သာယာဝတီခရိုင် လူမှုဝန်ထမ်းရုံးမှ လက်ထောက်ညွှန်ကြားရေးမှူးက လူမှုဝန်ထမ်းမှ ဆောင်ရွက်နေသော လုပ်ငန်းကြီး (၇)ရပ်နှင့် အဆိုးရွားဆုံးပုံစံဖြင့် ခိုင်းစေခြင်းခံရသော ကလေးအလုပ်သမားဖယ်ရှားရေးနှင့် ပြန်လည်ကုစားရေးဆိုင်ရာ ဆပ်ကော်မတီ၏ လုပ်ငန်းစဉ်များကို ရှင်းလင်းတင်ပြခဲ့ပါသည်။ အဆိုးရွားဆုံးပုံစံဖြင့် ခိုင်းစေခြင်းခံရသည့် ကလေးအလုပ်သမားများ ဘေးအန္တရာယ်ဖြစ်စေသောလုပ်ငန်းနှင့် လုပ်ငန်းခွင်၊ ကလေးအလုပ်သမားများအပေါ် ကျူးလွန်သော ပြစ်ဒဏ်များအကြောင်း ဆွေးနွေးခဲ့ကြပါသည်။

## အိမ်တွင်းလျှပ်စစ်သွယ်တန်းတပ်ဆင်ခြင်း သင်တန်းဆင်းပွဲကျင်းပခြင်း

**၂၀၂၄ခုနှစ်၊ ဇူလိုင်လ ၂၄ ရက်** **မန္တလေးတိုင်းဒေသကြီး**

မန္တလေးလူငယ် သင်တန်းကျောင်းခန်းမ၌ (၂၄-၇-၂၀၂၄)ရက်နေ့တွင် မန္တလေးတိုင်းဒေသကြီး ကလေးအလုပ်သမားပပျောက်ရေးဆိုင်ရာ အလုပ်အကိုင်အခွင့်အလမ်းများ ဖန်တီးပေးရေး လုပ်ငန်းကော်မတီ၏ ကြီးကြပ်မှုဖြင့်ဖွင့်လှစ်သော အိမ်တွင်းလျှပ်စစ်သွယ်တန်းတပ်ဆင်ခြင်း သင်တန်းဆင်းပွဲ၌ သင်တန်းသား(၂၀ )ဦးအား သင်တန်းဆင်းလက်မှတ်များ ပေးအပ်ချီးမြှင့်ခဲ့ပါသည်။

အဆိုပါ သင်တန်းဆင်းပွဲ အခမ်းအနားသို့ အလုပ်သမားညွှန်ကြားရေးဦးစီးဌာနမှ ညွှန်ကြားရေးမှူး ဒေါ်မို့မို့သွင်နှင့် ဝန်ထမ်းများ၊ ကျွမ်းကျင်မှုလေ့ကျင့်ရေးသင်တန်းကျောင်း မန္တလေးမှ သင်တန်းနည်းပြဆရာ ဦးထွန်းထွန်းနိုင်နှင့် မန္တလေးလူငယ်သင်တန်းကျောင်းမှ ကျောင်းအုပ်နှင့် ဝန်ထမ်းများ တက်ရောက်ခဲ့ပါသည်။

## ခရိုင်အဆင့် ကလေးသူငယ်အခွင့်အရေးများဆိုင်ရာ ကော်မတီအစည်းအဝေးကျင်းပခြင်း

**၂၀၂၄ခုနှစ်၊ ဇူလိုင်လ ၁၁ ရက်** **ပုသိမ်ခရိုင်**



ခရိုင်ကလေးသူငယ် အခွင့်အရေးများဆိုင်ရာ ကော်မတီ အစည်းအဝေးကို (၁၁.၇.၂၀၂၄) ရက်နေ့တွင် ပုသိမ်ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနအစည်းအဝေး ခန်းမ၌ ကျင်းပပြုလုပ်ခဲ့ပါသည်။ အစည်းအဝေးကို ခရိုင် ကလေးသူငယ်အခွင့်အရေးများဆိုင်ရာ ကော်မတီဥက္ကဋ္ဌ ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ အုပ်ချုပ်ရေးမှူး ဦးရည်မွန်နှင့် ဌာနဆိုင်ရာ အသီးသီးမှ ကော်မတီဝင်များ တက်ရောက်ခဲ့ကြပါသည်။

## ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာနမှ ၂၀၂၄ခုနှစ်၊ ဇူလိုင်လအတွင်း သဘာဝဘေးအသိပညာပေးဟောပြောပွဲပြုလုပ်ခြင်း

(၂-၇-၂၀၂၄) ရက်နေ့နှင့် (၄-၇-၂၀၂၄) ရက်နေ့တို့တွင် ကသာခရိုင်ဦးစီးမှူးရုံးမှ တာဝန်ရှိသူများသည် စစ်ကိုင်းတိုင်းဒေသကြီး၊ ကသာခရိုင်၊ ကသာမြို့နယ်အတွင်း ရှိ ရပ်ကွက်နေပြည်သူများအား ဧရာဝတီမြစ်ရေကြီးခြင်း နှင့်ပတ်သက်၍ သတိပြုနေထိုင်ရေးနှင့် ကြိုတင်ပြင်ဆင် ရေး၊အသိပညာပေးဟောပြောခြင်းနှင့်လက်ကမ်းစာစောင် များ ဖြန့်ဝေခြင်းတို့ကို မီးသတ်ဦးစီးဌာန၊ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် မိုးလေဝသနှင့် ဇလဗေဒ ညွှန်ကြားမှုဦးစီးဌာနတို့နှင့် ပူးပေါင်း၍ ဆောင်ရွက်ခဲ့ပါ သည်။



ဟင်္သာတခရိုင်ဦးစီးမှူးရုံးမှ တာဝန်ရှိသူများသည် (၄-၇-၂၀၂၄)ရက်နေ့တွင် ဇလွန်မြို့နယ်၊ ကမ်းနားရပ်ကွက်၊ ဆန်တန်းရပ်ကွက်၊ လမ်းမတော် (တောင်/မြောက်) နှင့် မြို့ဟောင်းဈေးအနီးရှိ ပြည်သူများအားလည်းကောင်း၊ (၉-၇-၂၀၂၄) ရက်နေ့တွင် ဟင်္သာတမြို့နယ်၊ ညောင်ပင် ရပ်ကွက်နှင့် အိပ်ပျက်ကျေးရွာအုပ်စုအတွင်းရှိ ပြည်သူများ အားလည်းကောင်း၊ (၁၇-၇-၂၀၂၄) ရက်နေ့တွင် လေးမျက်နှာမြို့အတွင်းရှိ မြို့ပေါ်ရပ်ကွက်နေ ပြည်သူများ အားလည်းကောင်း ရေဘေးနှင့် မြေပြိုဘေးအန္တရာယ် ကြိုတင် ကာကွယ်နိုင်ရေးအတွက် ဆောင်ရန်/ရှောင်ရန် အချက်များအား သဘာဝဘေးအန္တရာယ်ဆိုင်ရာ အသိပညာ ပေးဟောပြောခြင်းနှင့် လက်ကမ်းစာစောင်များ ဖြန့်ဝေခြင်း တို့ကို မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ မီးသတ် ဦးစီးဌာန၊ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန တို့နှင့် ပူးပေါင်းဆောင်ရွက်ခဲ့ပါသည်။

မင်းဘူးခရိုင်ဦးစီးမှူးရုံးမှ တာဝန်ရှိသူများသည် (၂-၇-၂၀၂၄) ရက်နေ့တွင် မင်းဘူးမြို့၊ အမှတ်(၃) ရပ်ကွက်၊

အမှတ်(၄) ရပ်ကွက်၊ သစ်ချိုကုန်းရပ်ကွက်၊ သူဌေးကုန်းရပ်ကွက်တို့၌ လည်းကောင်း၊ (၃-၇-၂၀၂၄) ရက်နေ့တွင် ကျောင်းကုန်းကျေးရွာ၊ သနပ်ပင်စုကျေးရွာ၊ နိဗ္ဗာန်ကျွန်းကျေးရွာနှင့် ထုံးမကြီးကျေးရွာ၊ ရွာသာကျေးရွာ၊ ကျွဲသိုးမျှောင်ကျေးရွာ၊ ထောက်ရှာပင်ကျေးရွာနှင့် တပင်ကျေးရွာတို့၌လည်းကောင်း၊ (၄-၇-၂၀၂၄) ရက်နေ့တွင် မကွေးတိုင်းဒေသကြီး၊ မင်းဘူး(စကု)မြို့နယ်၊ အမှတ် (၁) စက္ကိန်းတဲရပ်ကွက်၊ ကျောက်တန်းကျေးရွာနှင့် ရေမြက်ကျေးရွာတို့၌လည်းကောင်း ရေဘေးအန္တရာယ်နှင့် စပ်လျဉ်း၍ ဆောင်ရန်/ရှောင်ရန်အချက်များ၊ မိုးကြိုကာလအတွင်း ဖြစ်ပွားလေ့ရှိသော လေပြင်းဘေးနှင့် မိုးကြိုးဘေးအန္တရာယ်ဆိုင်ရာ ဆောင်ရန်/ ရှောင်ရန်အချက်များအား ပြည်သူများသိရှိစေရန်အတွက် လိုက်လံနှိုးဆော် အသိပညာပေးခြင်း၊ ဗီနိုင်းပိုစတာနှင့် လက်ကမ်းစာစောင်များ ဖြန့်ဝေခြင်း တို့ကိုဆောင်ရွက်ခဲ့ပါသည်။



သရက်ခရိုင်ဦးစီးမှူးရုံးမှ တာဝန်ရှိသူများသည် (၅-၇-၂၀၂၄)ရက်နေ့တွင်မကွေးတိုင်းဒေသကြီး၊ ကံမမြို့နယ်၊ အမှတ် (၁၊ ၂၊ ၃၊ ၄) ရပ်ကွက်နှင့် ဂွျန်းတောင်တို့၌ လည်းကောင်း၊ (၈-၇-၂၀၂၇) ရက်နေ့တွင် အောင်လံခရိုင်၊ အောင်လံမြို့နယ်အတွင်းရှိ မြစ်ချောင်း၊ ကမ်းပါးအနီး နေထိုင်သောပြည်သူများအား ရေဘေး၊ မြေပြိုဘေး အန္တရာယ်များနှင့်ပတ်သက်၍ ဆောင်ရန်/ရှောင်ရန်အချက်များ၊ သဘာဝဘေးအသိပညာပေး လက်ကမ်းစာစောင်များ ဝေငှခြင်းနှင့် ဗီနိုင်းပိုစတာ ဖြန့်ဝေခြင်းတို့ကို မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ မီးသတ်ဦးစီးဌာန၊ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနတို့နှင့် ပူးပေါင်း ဆောင်ရွက်ခဲ့ပါသည်။



နေပြည်တော်တိုင်းဦးစီးမှူးရုံးမှ တာဝန်ရှိသူများသည် (၁၆-၇-၂၀၂၄) ရက်နေ့တွင် ပြည်ထောင်စုနယ်မြေ၊ နေပြည်တော်၊ ပျဉ်းမနားမြို့နယ်အတွင်းရှိ ကျေးရွာများ၌ လည်းကောင်း၊ (၁၇-၇-၂၀၂၄) ရက်နေ့တွင် ဇေယျာသီရိ မြို့နယ်အတွင်းရှိ ကျေးရွာများ၌လည်းကောင်း၊ (၂၂-၇-၂၀၂၄) ရက်နေ့တွင် လယ်ဝေးမြို့နယ်အတွင်းရှိ ကျေးရွာများ၌လည်းကောင်း၊ (၂၃-၇-၂၀၂၄) ရက်နေ့တွင် ဇေယျာသီရိမြို့နယ်အတွင်းရှိကျေးရွာများ၌လည်းကောင်း သဘာဝဘေးအန္တရာယ်နှင့်ပတ်သက်၍ဆောင်ရန်/ရှောင်ရန် အချက်များ၊ သဘာဝပတ်ဝန်းကျင်ဆိုင်ရာကိစ္စရပ်များ၊ တောမီးအန္တရာယ်နှင့် ရာသီဥတုပြောင်းလဲမှုဆိုင်ရာကိစ္စရပ်များနှင့် ပတ်သက်၍ အသိပညာပေးဟောပြောဆွေးနွေးခြင်း၊ လက်ကမ်းစာစောင်များနှင့် ဗီနိုင်းပိုစတာပေးအပ်ခြင်းတို့ကို ဆောင်ရွက်ခဲ့ပါသည်။

ကရင်ပြည်နယ်ဦးစီးမှူးရုံးမှ တာဝန်ရှိသူများသည် (၁၇-၇-၂၀၂၄) ရက်နေ့နှင့် (၁၈-၇-၂၀၂၄) ရက်နေ့တို့တွင် ကရင်ပြည်နယ်၊ ဘားအံမြို့နယ်အတွင်းရှိ ကျေးရွာ (၉) ရွာ၊

ရပ်ကွက် (၁) ရပ်ကွက်နှင့် ဈေး(၂) ဈေးတို့၌ ရေဘေးနှင့် မြေပြိုဘေးအန္တရာယ်နှင့် ပတ်သက်၍ ဆောင်ရန်/ ရှောင်ရန် အချက်များအား ပြည်သူများသိရှိနိုင်စေရန် အတွက် လိုက်လံနှိုးဆော်ခြင်းနှင့် လက်ကမ်းစာစောင်များ ဝေငှခြင်းတို့ကို ဆောင်ရွက်ခဲ့ပါသည်။

## ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာနမှ ၂၀၂၄ခုနှစ်၊ ဇူလိုင်လအတွင်း မီးဘေးထောက်ပံ့မှုများ

(၄-၇-၂၀၂၄)ရက်နေ့တွင် မန္တလေးတိုင်းဒေသကြီး၊ မြင်းခြံခရိုင်၊ မြင်းခြံမြို့နယ်၊ ဇီးတောကျေးရွာအုပ်စု၊ ထနောင်းပင်စုကျေးရွာ၌ မီးဘေးဖြစ်ပွားခဲ့မှုကြောင့် လုံးဝပျက်စီးနေအိမ် (၃) လုံးတို့အတွက် အိမ်ဆောက်ပစ္စည်းဖိုးထောက်ပံ့ငွေ (၃၀၀,၀၀၀/-)၊ ဘေးသင့်လူဦးရေ (၈) ဦး အတွက် ဆန်ရိက္ခာဖိုးထောက်ပံ့ငွေ (၁၆,၈၀၀/-)နှင့် ကယ်ဆယ်ရေးပစ္စည်း(၁၆)မျိုးတို့ကို (၉-၇-၂၀၂၄) ရက်နေ့တွင် မြင်းခြံခရိုင်ဦးစီးမှူးရုံးမှ သွားရောက်ထောက်ပံ့ခဲ့ပါသည်။





(၁၂-၇-၂၀၂၄)ရက်နေ့တွင် မန္တလေးတိုင်းဒေသကြီး၊ ညောင်ဦးခရိုင်၊ ညောင်ဦးမြို့နယ်၊ မြင်းကပါကျေးရွာအုပ်စု၊ မြင်းကပါကျေးရွာ၌မီးဘေးဖြစ်ပွားခဲ့မှုကြောင့် လုံးဝပျက်စီး လူနေအိမ်(၁)လုံးအတွက် အိမ်ဆောက်ပစ္စည်းဖိုး ထောက်ပံ့ငွေကျပ် (၁၀၀,၀၀၀/-)၊ ဘေးသင့်လူဦးရေ (၈) ဦးတို့ အတွက် ဆန်ရိက္ခာဖိုးထောက်ပံ့ငွေကျပ် (၁၆,၈၀၀/-)နှင့် ကယ်ဆယ်ရေးပစ္စည်း(၁၇)မျိုးတို့ကို (၁၄-၇-၂၀၂၄)ရက်နေ့ တွင် ညောင်ဦးခရိုင်ဦးစီးမှူးရုံးမှ သွားရောက် ထောက်ပံ့ခဲ့ ပါသည်။

(၁၅-၇-၂၀၂၄)ရက်နေ့တွင် မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်ခရိုင်၊ ကျောက်ဆည်မြို့နယ်၊ လက်ပန် ကျေးရွာအုပ်စု၊ လက်ပန်ကျေးရွာ၌ မီးဘေးဖြစ်ပွားခဲ့မှု ကြောင့် လုံးဝပျက်စီး လူနေအိမ် (၄) လုံးအတွက် အိမ်ဆောက်ပစ္စည်းဖိုးထောက်ပံ့ငွေကျပ် (၄၀၀,၀၀၀/-)၊ ဘေးသင့်လူဦးရေ (၁၅) ဦးတို့အတွက် ဆန်ရိက္ခာဖိုး ထောက်ပံ့ငွေကျပ် (၃၁,၅၀၀/-)နှင့် ကယ်ဆယ်ရေးပစ္စည်း (၁၆) မျိုးတို့ကို (၁၆-၇-၂၀၂၄) ရက်နေ့တွင် ကျောက်ဆည် ခရိုင်ဦးစီးမှူးရုံးမှ သွားရောက်ထောက်ပံ့ခဲ့ပါသည်။



(၂၂-၇-၂၀၂၄)ရက်နေ့တွင်မန္တလေးတိုင်းဒေသကြီး၊ အောင်မြေသာစံခရိုင်၊ ပုသိမ်ကြီးမြို့နယ်၊ လက်ကောင်း

ကျေးရွာအုပ်စု၊ လက်ကောင်းကျေးရွာတွင် မီးဘေးဖြစ်ပွားခဲ့မှုကြောင့် ဘေးသင့်လူဦးရေ (၃) ဦးတို့အတွက် ဆန်ရိက္ခာဖိုးထောက်ပံ့ငွေကျပ်(၆,၃၀၀/-)နှင့် ကယ်ဆယ်ရေးပစ္စည်း (၁၆) မျိုးတို့ကို (၂၄-၇-၂၀၂၄)ရက်နေ့တွင် မန္တလေးတိုင်းဒေသကြီးဦးစီးမှူးရုံးမှ သွားရောက်ထောက်ပံ့ခဲ့ပါသည်။



## ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာနမှ ၂၀၂၄ခုနှစ်၊ ဇူလိုင်လအတွင်း ရေဘေးထောက်ပံ့မှုများ

(၈-၇-၂၀၂၄) ရက်နေ့၊ (၉-၇-၂၀၂၄)ရက်နေ့နှင့် (၁၀-၇-၂၀၂၄) ရက်နေ့တို့တွင် မန္တလေးတိုင်းဒေသကြီး၊ ညောင်ဦးခရိုင်၊ ညောင်ဦးမြို့နယ်၊ အမှတ်(၇) ရပ်ကွက်၊ အမှတ် (၄) ရပ်ကွက်၊ အမှတ် (၂) ရပ်ကွက်နှင့် အမှတ် (၁) ရပ်ကွက်တို့၌ ဧရာဝတီမြစ်ရေ မြင့်တက်မှုကြောင့် ဘေးသင့်လူဦးရေ(၈၅၃)ဦးအတွက် ဆန်ရိက္ခာဖိုးထောက်ပံ့ငွေကျပ် (၁,၇၇၈,၇၀၀/-) ကို (၁၁-၇-၂၀၂၄) ရက်နေ့တွင် ညောင်ဦးခရိုင်ဦးစီးမှူးရုံးမှ သွားရောက်ထောက်ပံ့ခဲ့ပါသည်။



(၈-၇-၂၀၂၄) ရက်နေ့နှင့် (၉-၇-၂၀၂၄) ရက်နေ့တို့တွင် မန္တလေးတိုင်းဒေသကြီး၊ တံတားဦးမြို့နယ်၊ ကျေးရွာအုပ်စု(၃) စု၌ ဧရာဝတီမြစ်ရေမြင့်တက်မှုကြောင့် ဘေးသင့်လူဦးရေ (၁၀၅၉) ဦးတို့အတွက် ဆန်ရိက္ခာဖိုးထောက်ပံ့ငွေကျပ်(၂,၂၂၃,၉၀၀/-)ကို (၁၀-၇-၂၀၂၄)ရက်နေ့တွင် တံတားဦးမြို့နယ်ဦးစီးမှူးရုံးမှ သွားရောက်ထောက်ပံ့ခဲ့ပါသည်။



(၈-၇-၂၀၂၄) ရက်နေ့၊ (၉-၇-၂၀၂၄)ရက်နေ့နှင့် (၁၀-၇-၂၀၂၄) ရက်နေ့တို့တွင် မန္တလေးတိုင်းဒေသကြီး၊ သပိတ်ကျင်းခရိုင်၊ သပိတ်ကျင်းမြို့နယ်၊ ကျေးရွာအုပ်စု (၁)စုမှ ကျေးရွာ(၁)ရွာ၌ ဧရာဝတီမြစ်ရေဝင်ရောက်မှုကြောင့် ဘုန်းကြီးကျောင်း (၃) ကျောင်းရေနစ်မြုပ်လျက်ရှိပြီး၊ လုံးဝပျက်စီးလူနေအိမ် (၁) လုံးအတွက် အိမ်ဆောက်ပစ္စည်းဖိုးထောက်ပံ့ငွေကျပ် (၁၀၀,၀၀၀/-)၊ ဘေးသင့်လူဦးရေ (၁၉၀၃) ဦးအတွက် ဆန်ရိက္ခာဖိုးထောက်ပံ့ငွေကျပ်(၃,၉၉၆,၃၀၀/-)နှင့် ကယ်ဆယ်ရေးပစ္စည်း (၁၆)မျိုးတို့ကို (၁၅-၇-၂၀၂၄) ရက်နေ့တွင် သပိတ်ကျင်းမြို့နယ်ဦးစီးမှူးရုံးမှ သွားရောက်ထောက်ပံ့ခဲ့ပါသည်။



(၈-၇-၂၀၂၄)ရက်နေ့တွင်မန္တလေးတိုင်းဒေသကြီး၊ အမရပူရခရိုင်၊ အမရပူရမြို့နယ်၌ ရေဝတီမြစ်ရေ မြင့်တက်မှုကြောင့် ဘေးသင့်လူဦးရေ (၂၂၆၂) ဦးအတွက် ဆန်ရိက္ခာဖိုး ထောက်ပံ့ငွေကျပ် (၄,၇၅၀,၂၀၀/-) ကို (၁၂-၇-၂၀၂၄) ရက်နေ့တွင် မန္တလေးတိုင်းဒေသကြီး ဦးစီးမှူးရုံးမှ သွားရောက်ထောက်ပံ့ခဲ့ပါသည်။



(၈-၇-၂၀၂၄)ရက်နေ့တွင်မန္တလေးတိုင်းဒေသကြီး၊ သပိတ်ကျင်းခရိုင်၊ သပိတ်ကျင်းမြို့နယ်၊ ကျေးရွာအုပ်စု (၁)စု၊ ကျေးရွာ (၁) ရွာ၊ ရပ်ကွက် (၂) ရပ်ကွက်တို့၌ ရေဝတီမြင့်ရေ မြင့်တက်မှုကြောင့် ဘေးသင့်လူဦးရေ (၃၆၄)ဦးအတွက် ဆန်ရိက္ခာဖိုးထောက်ပံ့ငွေကျပ်(၇၆၄,၄၀၀/-) ကို (၁၈-၇-၂၀၂၄) ရက်နေ့တွင် သပိတ်ကျင်းမြို့နယ် ဦးစီးမှူးရုံးမှ သွားရောက်ထောက်ပံ့ခဲ့ပါသည်။

(၁၀-၇-၂၀၂၄)ရက်နေ့တွင်မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်ခရိုင်၊ တံတားဦးမြို့နယ်၊ ရပ်ကွက် (၁) ရပ်ကွက်၊ ကျေးရွာအုပ်စု (၁၃) စုမှ ကျေးရွာ (၃၂) ရွာတို့၌ ရေဝတီမြစ်ရေ မြင့်တက်မှုကြောင့် ဘေးသင့်လူဦးရေ (၅၁၈၀) ဦးအတွက် ဆန်ရိက္ခာဖိုးထောက်ပံ့ ငွေကျပ် (၁၀,၈၇၈,၀၀၀/-) ကို (၁၁-၇-၂၀၂၄) ရက်နေ့တွင် တံတားဦးမြို့နယ်ဦးစီးမှူးရုံးမှ သွားရောက်ထောက်ပံ့ခဲ့ပါသည်။



(၁၁-၇-၂၀၂၄) ရက်နေ့၊ (၁၂-၇-၂၀၂၄) ရက်နေ့၊ (၁၃-၇-၂၀၂၄) ရက်နေ့နှင့် (၁၄-၇-၂၀၂၄) ရက်နေ့တို့တွင် မန္တလေးတိုင်းဒေသကြီး၊ ညောင်ဦးခရိုင်၊ ညောင်ဦးမြို့နယ်၊ အမှတ် (၁) ရပ်ကွက်၊ အမှတ် (၂) ရပ်ကွက်၊ အမှတ် (၄) ရပ်ကွက်၊ အမှတ် (၅) ရပ်ကွက်၊ အမှတ် (၇) ရပ်ကွက်နှင့် ကျေးရွာ (၅) ရွာတို့၌ ရေဝတီမြစ်ရေမြင့်တက်မှုကြောင့် ဘေးသင့်လူဦးရေ(၅၀၃၈)ဦးအတွက် ဆန်ရိက္ခာဖိုးထောက်ပံ့ ငွေကျပ် (၁၀,၅၇၉,၈၀၀/-)ကို (၁၆-၇-၂၀၂၄) ရက်နေ့တွင် ညောင်ဦးခရိုင်ဦးစီးမှူးရုံးမှ သွားရောက်ထောက်ပံ့ခဲ့ပါသည်။



(၁၁-၇-၂၀၂၄) ရက်နေ့မှ (၁၈-၇-၂၀၂၄) ရက်နေ့အထိ မန္တလေးတိုင်းဒေသကြီး၊ မြင်းခြံခရိုင်၊ တောင်သာမြို့နယ်၊ ကျေးရွာအုပ်စု(၄)စု၊ ကျေးရွာ (၅)ရွာနှင့် ကျေးရွာအုပ်စု(၁)စုမှ ကျေးရွာ(၃)ရွာတို့၌ ရေဝတီမြစ်ရေမြင့်တက်မှုကြောင့် ဘေးသင့်လူဦးရေ(၃၄၆၈)ဦးအတွက် ဆန်ရိက္ခာဖိုးထောက်ပံ့ငွေကျပ်(၇,၂၈၂,၈၀၀/-)ကို(၂၂-၇-၂၀၂၄)ရက်နေ့တွင် တောင်သာမြို့နယ်ဦးစီးမှူးရုံးမှ သွားရောက်ထောက်ပံ့ခဲ့ပါသည်။



(၁၁-၇-၂၀၂၄)ရက်နေ့တွင်မကွေးတိုင်းဒေသကြီး၊ သရက်ခရိုင်၊ သရက်မြို့နယ်၊ အမှတ် (၅) ရပ်ကွက်၊ လေးတိုင်စင်ကျေးရွာနှင့် ရေပေါ်ကျွန်းကျေးရွာတို့၌ ရေဝတီမြစ်ရေ မြင့်တက်မှုကြောင့် ဘေးသင့်လူဦးရေ(၁၁၂)ဦးအတွက် ဆန်ရိက္ခာဖိုးထောက်ပံ့ငွေကျပ်(၂၃၅,၂၀၀/-)ကို (၁၂-၇-၂၀၂၄) ရက်နေ့တွင် သရက်ခရိုင်ဦးစီးမှူးရုံးမှ သွားရောက်ထောက်ပံ့ခဲ့ပါသည်။



(၁၃-၇-၂၀၂၄)ရက်နေ့တွင်မန္တလေးတိုင်းဒေသကြီး၊ မြင်းခြံခရိုင်၊ မြင်းခြံမြို့နယ်၊ အမှတ် (၆) ရပ်ကွက်၊ အမှတ် (၁၂) ရပ်ကွက်နှင့် အေးရွာကျေးရွာတို့၌ ရေဝတီမြစ်ရေမြင့်တက်မှုကြောင့် ဘေးသင့်လူဦးရေ (၁၂၆၃) ဦးအတွက် ဆန်ရိက္ခာဖိုး ထောက်ပံ့ငွေကျပ် (၂,၆၅၂,၃၀၀/-) ကို (၁၄-၇-၂၀၂၄) ရက်နေ့တွင် မြင်းခြံခရိုင်ဦးစီးမှူးရုံးမှ သွားရောက် ထောက်ပံ့ခဲ့ပါသည်။



(၁၅-၇-၂၀၂၄) ရက်နေ့၊ (၁၆-၇-၂၀၂၄) ရက်နေ့နှင့် (၁၇-၇-၂၀၂၄) ရက်နေ့တို့တွင် မကွေးတိုင်းဒေသကြီး၊ အောင်လံခရိုင်၊ အောင်လံမြို့နယ်အတွင်းရှိ ရပ်ကွက်များနှင့် ကျေးရွာတို့၌ ရေဝတီမြစ်ရေဝင်ရောက်မှုကြောင့် ဘေးသင့်လူဦးရေ(၁၄၅၈)ဦးအတွက် ဆန်ရိက္ခာဖိုးထောက်ပံ့ငွေကျပ် (၃,၀၆၁,၈၀၀/-)ကို (၁၈-၇-၂၀၂၄) ရက်နေ့တွင် သရက်ခရိုင်ဦးစီးမှူးရုံးမှ သွားရောက်ထောက်ပံ့ခဲ့ပါသည်။



## ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာနမှ ၂၀၂၄ခုနှစ်၊ ဇူလိုင်လအတွင်း ကမ်းပြိုဘေးထောက်ပံ့မှုများ



(၂၀-၇-၂၀၂၄) ရက်နေ့၊ (၂၁-၇-၂၀၂၄) ရက်နေ့နှင့် (၂၂-၇-၂၀၂၄) ရက်နေ့တို့တွင် ဧရာဝတီတိုင်းဒေသကြီး၊ မြောင်းမြခရိုင်၊ ဝါးခယ်မမြို့နယ်၊ အထက်ပေကုန်းကျေးရွာအုပ်စု၊ အထက်ပေကုန်းကျေးရွာနှင့် တြိန်းကျွန်းကျေးရွာအုပ်စု၊ အောင်လှိုင်ကျေးရွာတို့၌ ကမ်းပါးပြိုကျမှုကြောင့် ပျက်စီးလူနေအိမ် (၃၅) လုံးအတွက် အိမ်ဆောက်ပစ္စည်းဖိုးထောက်ပံ့ငွေကျပ် (၃,၅၀၀,၀၀၀/-)၊ ဘေးသင့်လူဦးရေ (၁၄၃)ဦးအတွက် ဆန်ရိက္ခာဖိုးထောက်ပံ့ငွေကျပ် (၃၀၀,၃၀၀/-)ကို (၂၂-၇-၂၀၂၄)ရက်နေ့တွင် မြောင်းမြခရိုင်ဦးစီးမှူးရုံးမှ သွားရောက် ထောက်ပံ့ခဲ့ပါသည်။

## ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာနမှ ၂၀၂၄ခုနှစ်၊ ဇူလိုင်လအတွင်း လေဘေးထောက်ပံ့မှုများ

(၁၁-၇-၂၀၂၄) ရက်နေ့တွင် ကရင်ပြည်နယ်၊ မြဝတီမြို့၊ အမှတ် (၅) ရပ်ကွက်၌ လေပြင်း တိုက်ခတ်မှုကြောင့် တစ်စိတ်တစ်ပိုင်း ပျက်စီးလူနေအိမ် (၁) လုံး အတွက် အိမ်ဆောက်ပစ္စည်းဖိုးထောက်ပံ့ငွေ (၁၀,၀၀၀/-)၊ ဒဏ်ရာရရှိသူ (၁) ဦးတို့အတွက် ဒဏ်ရာရ ထောက်ပံ့ငွေကျပ် (၅၀,၀၀၀/-) တို့ကို (၁၃-၇-၂၀၂၄) ရက်နေ့တွင် မြဝတီခရိုင်ဦးစီးမှူးရုံးမှ သွားရောက် ထောက်ပံ့ခဲ့ပါသည်။



## ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာနမှ ၂၀၂၄ခုနှစ်၊ ဇူလိုင်လအတွင်း ထူးခြားဖြစ်စဉ်အတွက်ထောက်ပံ့မှုများ



ကရင်ပြည်နယ်၊ ကော့ကရိတ်မြို့နယ်အတွင်း လတ်တလောအကြမ်းဖက်ဖြစ်စဉ်များကြောင့် မီးလောင်ပျက်စီး ဆုံးရှုံးခဲ့သည့်နေအိမ်(၁၂၂) လုံးအတွက်အိမ်ဆောက်ပစ္စည်းဖိုးထောက်ပံ့ ငွေကျပ် (၂၄,၄၀၀,၀၀၀/-)၊ ဘေးသင့်လူဦးရေ (၆၄၉) ဦးအတွက် ဆန်ရိက္ခာဖိုးထောက်ပံ့ငွေကျပ် (၁,၃၆၂,၉၀၀/-) နှင့် ကယ်ဆယ်ရေးပစ္စည်း (၁၇) မျိုးတို့ကို (၂-၇-၂၀၂၄)ရက်နေ့တွင် ကော့ကရိတ်ခရိုင်ဦးစီးမှူးရုံးမှ တာဝန်ရှိသူများသည် ခရိုင်သဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှု အဖွဲ့ဝင်များနှင့်အတူ သွားရောက် ထောက်ပံ့ခဲ့ပါသည်။



(၁၁-၇-၂၀၂၄)ရက်နေ့တွင်မန္တလေးတိုင်းဒေသကြီး၊ မြင်းခြံခရိုင်၊ တောင်သာမြို့နယ်၊ ကျွဲတလင်းကျေးရွာအုပ်စု၊ ကျွဲတလင်းကျေးရွာတွင် အကြမ်းဖက်များဝင်ရောက်တိုက်ခိုက် မီးရှို့ခဲ့မှုကြောင့် လုံးဝပျက်စီးနေအိမ် (၂) လုံးအတွက် အိမ်ဆောက်ပစ္စည်းဖိုး ထောက်ပံ့ငွေ (၄၀၀,၀၀၀/-)၊ ဘေးသင့်လူဦးရေ (၅) ဦးအတွက် ဆန်ရိက္ခာဖိုးထောက်ပံ့ငွေ (၁၀,၅၀၀/-)နှင့် ကယ်ဆယ်ရေးပစ္စည်း(၁၆)မျိုးတို့ကို (၂၅-၇-၂၀၂၄)ရက်နေ့တွင် တောင်သာမြို့နယ်ဦးစီးမှူးရုံးမှ သွားရောက်ထောက်ပံ့ခဲ့ပါသည်။



ကရင်ပြည်နယ်၊ လှိုင်းဘွဲ့မြို့နယ်၊ မြိုင်ကြီးငူဒေသအတွင်းတိုက်ပွဲများဖြစ်ပွားမှုကြောင့် ဖာပွန်မြို့နယ်မှ ရောက်ရှိလာသည့် အိမ်ထောင်စု(၁၆၅)စုမှ ယာယီတိုက်ပွဲရှောင် ဘေးသင့်လူဦးရေ(၇၄၇)ဦးတို့အတွက် ကယ်ဆယ်ရေးပစ္စည်း(၁၆) မျိုးတို့ကို (၁၉-၇-၂၀၂၄) ရက်နေ့တွင် လှိုင်းဘွဲ့မြို့နယ်ဦးစီးမှူးရုံးမှ သွားရောက်ထောက်ပံ့ခဲ့ပါသည်။

## မသန်စွမ်းမှုအဆင့်သတ်မှတ်ခြင်းနှင့် မသန်စွမ်းသူများမှတ်ပုံတင်ခြင်းသင်တန်းဖွင့်လှစ်ခြင်း

**၂၀၂၄ခုနှစ်၊ ဇူလိုင်လ ၂၃ ရက်** **နေပြည်တော်**




မသန်စွမ်းမှုအဆင့်သတ်မှတ်ခြင်းနှင့်မသန်စွမ်းသူများမှတ်ပုံတင်ခြင်းသင်တန်းအား ပြည်ထောင်စုနယ်မြေ၊ နေပြည်တော်ရှိလယ်ဝေးမြို့နယ်၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနတွင် (၂၃-၇-၂၀၂၄)ရက်နေ့မှ (၂၄-၇-၂၀၂၄)ရက်နေ့အထိ ဖွင့်လှစ်ဆောင်ရွက်ခဲ့ပါသည်။

## လူကုန်ကူးခံရသူများအား ပြန်လည်လက်ခံရေး၊ ပြန်လည်ဝင်ဆံ့ပေါင်းစည်းရေးနှင့် ပြန်လည်ထူထောင်ရေးဆိုင်ရာ လုပ်ငန်းကော်မတီ၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေး (၁/၂၀၂၄) ကျင်းပ ဆောင်ရွက်ခြင်း

**၂၀၂၄ခုနှစ်၊ ဇူလိုင်လ ၂၆ ရက်** **နေပြည်တော်**

လူကုန်ကူးခံရသူများအား ပြန်လည်လက်ခံရေး၊ ပြန်လည်ဝင်ဆံ့ပေါင်းစည်းရေးနှင့် ပြန်လည်ထူထောင်ရေးဆိုင်ရာလုပ်ငန်းကော်မတီ၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေး (၁/၂၀၂၄)ကို ပြန်လည်ထူထောင်ရေးဦးစီးဌာန၊ အစည်းအဝေး

ခန်းမတွင် ယနေ့နေ့လယ် (၁၃:၀၀)နာရီတွင် လူကုန်ကူးခံရသူများအားပြန်လည်လက်ခံရေး၊ ပြန်လည်ဝင်ဆံ့ပေါင်းစည်းရေးနှင့်ပြန်လည်ထူထောင်ရေးဆိုင်ရာ လုပ်ငန်းကော်မတီ၊ ဥက္ကဋ္ဌ၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး၊ ဦးစိုးကြည် ဦးဆောင်၍ ကျင်းပဆောင်ရွက်ခဲ့ပါသည်။



ဒုတိယဝန်ကြီးက အမှာစကားပြောကြားရာတွင် လုပ်ငန်းကော်မတီ၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေးများကို ကျင်းပဆောင်ရွက်ခြင်းဖြင့် လုပ်ငန်းကော်မတီဝင်ဌာနများ၊ အဖွဲ့အစည်းများရဲ့ ပူးပေါင်းဆောင်ရွက်မှုများ ပိုမိုအားကောင်းလာပြီး လူကုန်ကူးခံရသူများကို အရည်အသွေးပြည့်ဝသည့် ဝန်ဆောင်မှုများ ပေးနိုင်ဖို့ဖြစ်ကြောင်း၊ လူကုန်ကူးခံရသူများအား လက်ခံစောင့်ရှောက်ရေးဂေဟာများ၏ ဝန်ဆောင်မှုများသည် နိုင်ငံတကာစံနှုန်းများနှင့် အညီဖြစ်ရန်လိုအပ်သောကြောင့် ၎င်းစံနှုန်းများကိုအခြေခံ၍ မိမိနိုင်ငံနှင့် ကိုက်ညီသည့် ဝန်ဆောင်မှုများဖြစ်ရေး ပြန်လည်သုံးသပ်ရန် လိုအပ်ကြောင်း၊ မိမိတို့ လုပ်ငန်းကော်မတီအနေဖြင့် (၂၀၂၄)ခုနှစ်၊ လုပ်ငန်းစီမံချက်ပါ ကဏ္ဍအလိုက် ဆောင်ရွက်ရမည့် လုပ်ငန်းများအနက် လုပ်ငန်းရပ်(၂၅)ခုကို အဓိကတာဝန်ယူအကောင်အထည်ဖော်ဆောင်ရွက်ရမည်ဖြစ်ပြီး၊ ၂၀၂၄ခုနှစ်၊ ဇန်နဝါရီလမှ ဇွန်လအထိ(၆)လအတွင်းလုပ်ငန်းရပ်(၁၄)ခုကိုအကောင်အထည်ဖော်ဆောင်ရွက်နိုင်ခဲ့ကြောင်း၊ ဖော်ထုတ်အတည်ပြုပြီးဖြစ်သော "လူကုန်ကူးခံရသူများအား ပြန်လည်လက်ခံရေး၊ ပြန်လည်ဝင်ဆံ့ပေါင်းစည်းရေးနှင့် ပြန်လည်ထူထောင်ရေးဆိုင်ရာ အမျိုးသားအဆင့်စံလုပ်ငန်းအစီအစဉ်" (National SoPs) ကို ကျယ်ကျယ်ပြန့်ပြန့် သိရှိနိုင်ရေးဆောင်ရွက်ရန်နှင့် သက်ဆိုင်ရာဌာနများအနေဖြင့် လုပ်ငန်းများဆောင်ရွက်ရာတွင် စံလုပ်ငန်းအစီအစဉ်ပါ လုပ်ငန်းစဉ်များအတိုင်း ဂရုပြုလိုက်နာဆောင်ရွက်ကြရန် လိုအပ်ကြောင်း၊ မိမိတို့ လုပ်ငန်းကော်မတီမှ ဆက်လက်အကောင်အထည်ဖော်ရမည့် ၂၀၂၄ ခုနှစ် လုပ်ငန်းစီမံချက်ပါ လုပ်ငန်းများကို ကျန်ရှိသည့် (၆) လတာ ကာလအတွင်း ရာနှုန်းပြည့် အောင်မြင်အောင် ပူးပေါင်းဆောင်ရွက်ကြစေလိုကြောင်း ပြောကြားခဲ့ပါသည်။

ဆက်လက်၍ အစည်းအဝေးတက်ရောက်လာသူများမှ သက်ဆိုင်ရာဌာနအလိုက် ဆောင်ရွက်ချက်၊ အကြံပြုချက်၊ အားသာချက်၊ အားနည်းချက်များကို ဆွေးနွေးခဲ့ကြပြီး အစည်းအဝေးဆုံးဖြတ်ချက်(၁၄)ချက် ချမှတ်ခဲ့ပါသည်။



အစည်းအဝေးသို့ လူကုန်ကူးခံရသူများအား ပြန်လည်လက်ခံရေး၊ ပြန်လည်ဝင်ဆံ့ပေါင်းစည်းရေးနှင့် ပြန်လည်ထူထောင်ရေးဆိုင်ရာ လုပ်ငန်းကော်မတီအဖွဲ့ဝင်များဖြစ်သည့် သက်ဆိုင်ရာဌာနများ၊ မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်နှင့် မြန်မာနိုင်ငံမိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းတို့မှ ကိုယ်စားလှယ် (၂၅) ဦး တက်ရောက်ခဲ့ပါသည်။

## ဒုတိယဝန်ကြီး ဦးစိုးကြည် မကွေးတိုင်းဒေသကြီး ရေဘေးသင့် ပြည်သူများအား အားပေးစကားပြောကြားခြင်း

**၂၀၂၄ခုနှစ်၊ ဇူလိုင်လ ၂၇ ရက်** **မကွေးတိုင်းဒေသကြီး**



လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး ဦးစိုးကြည်သည် တာဝန်ရှိသူများနှင့်အတူ ၂၀၂၄ ခုနှစ်၊ ဇူလိုင်လ(၂၇)ရက်နေ့တွင် မကွေးမြို့၊ မြင်းကင်းဘုန်းတော်ကြီးကျောင်းတွင် မကွေးမြို့နယ်အတွင်းရှိ ရေဘေးသင့်ပြည်သူ (၈၄၇၃) ဦးအတွက် ဆန်ရိက္ခာဖိုးငွေများ ထောက်ပံ့ပြီး ရေဘေးသင့်ပြည်သူများကို တွေ့ဆုံအားပေးစကား ပြောကြားခဲ့ပြီး မင်းဘူးမြို့၊ မှန်ကင်းဘုန်းတော်ကြီးကျောင်းတွင် မင်းဘူးမြို့နယ်အတွင်းရှိ ရေဘေးသင့်ပြည်သူ (၉၀၀၇) ဦးအတွက် ဆန်ရိက္ခာဖိုးငွေထောက်ပံ့၍ အားပေးစကား ပြောကြားခဲ့ပါသည်။

## ဒုတိယဝန်ကြီး ဦးစိုးကြည် ဝန်ကြီးဌာနလက်အောက်ရှိ ဝန်ထမ်းများအားတွေ့ဆုံ မကွေးမြို့မူလတန်းကြိုကျောင်းနှင့် ကလေးပြုစုရေးဌာနများသို့ သွားရောက်ကြည့်ရှုခြင်း

**၂၀၂၄ခုနှစ်၊ ဇူလိုင်လ ၂၇ ရက်** **မကွေးတိုင်းဒေသကြီး**



လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး ဦးစိုးကြည်သည် တာဝန်ရှိသူများနှင့်အတူ ၂၀၂၄ ခုနှစ်၊ ဇူလိုင်လ(၂၆)ရက်နေ့တွင် ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာန၊ကယ်ဆယ်ရေး ပစ္စည်းသိုလှောင်ရုံနှင့် တိုင်းဒေသကြီးဦးစီးမှူးရုံးသို့ ရောက်ရှိပြီး ကယ်ဆယ်ရေး ပစ္စည်းများစနစ်တကျသိုလှောင်ထားရှိမှု၊ ထောက်ပံ့ရေးနှင့် အသိပညာပေးရေးလုပ်ငန်းများ ဆောင်ရွက်နေမှုတို့ကို စစ်ဆေးကြည့်ရှုပြီး ပစ္စည်းများလေလွင့်ဆုံးရှုံးမှု မရှိစေရေး၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ ထောက်ပံ့နိုင်ရေး၊ အသိပညာပေးမှုများ စဉ်ဆက်မပြတ်ဆောင်ရွက်နိုင်ရေးတို့ကိုမှာကြားခဲ့ပါသည်။



ထို့နောက် မကွေးမြို့၊ ကလေးပြုစုရေးဌာနသို့ ဆက်လက်သွားရောက်ပြီး ကလေးများ ပြုစုထားရှိမှု အခြေအနေ၊ ကျန်းမာရေး စောင့်ရှောက်ပေးနေမှု

အခြေအနေများကိုကြည့်ရှုကာစားဖိုဆောင်သန့်ရှင်းမှုရှိရေး၊ အာဟာရပြည့်ဝသောအစားအစာများ ချက်ပြုတ်ကျွေးမွေးရေးတို့ကို အထူးဂရုပြုရန် မှာကြားခဲ့ပြီး ကလေးငယ်များအတွက် အာဟာရမုန့်များနှင့် အရုပ်များပေးဝေခဲ့ပါသည်။




၎င်းနောက် မကွေးမြို့ မူလတန်းကြိုကျောင်းတွင် ဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာနများမှ ဝန်ထမ်းများနှင့် တွေ့ဆုံကာ နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်ချက်များ၊ လတ်တလော ဖြစ်ပေါ်နေသည့် နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးအခြေအနေများကို ရှင်းလင်းပြောကြားပြီး ဝန်ကြီးဌာန မူဝါဒများနှင့်အညီ ဦးစီးဌာနအလိုက်လုပ်ငန်းများကို စနစ်တကျ အကောင်အထည်ဖော် ဆောင်ရွက်ကြရန်၊ လုပ်ငန်းခွင်အတွင်း ဝန်ထမ်းများစည်းလုံးညီညွတ်စွာဖြင့် မိမိတို့တာဝန်များကို ကြိုးပမ်းထမ်းဆောင်ကြရန်တို့ကို မှာကြားပြီး ဝန်ထမ်းများ၏ တင်ပြချက်များအပေါ် လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ပါသည်။



ဇူလိုင်လ(၂၇)ရက်နေ့၊ နံနက်ပိုင်းတွင် ဒုတိယဝန်ကြီးသည် မကွေးမြို့မှ ရေနံချောင်းမြို့သို့ သွားရောက်ပြီး ရေနံချောင်းမြို့နယ်၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ အစည်းအဝေးခန်းမတွင် ရေနံချောင်းမြို့နယ်အတွင်းရှိ ရေဘေးသင့်ပြည်သူ (၈၆၃) ဦးအတွက် ဆန်ရိက္ခာဖိုးနှင့် ရေနံချောင်းမြို့နယ်၊ မိန်းမလှကျွန်းကျေးရွာနှင့် မန်မြေရွာသစ်ကျေးရွာ ကမ်းပါးပြိုဘေးသင့် အိမ်ခြေ(၅၅)လုံးအတွက် ထောက်ပံ့ငွေတို့ကိုပေးအပ်ပြီး ဘေးသင့်ပြည်သူများကို အားပေးစကားပြောကြားခဲ့ပါ သည်။



လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနအနေဖြင့် မကွေးမြို့၊ မင်းဘူးမြို့၊ ရေနံချောင်းမြို့အပါအဝင် မကွေးတိုင်းဒေသကြီးအတွင်းရှိ ရေဘေးသင့်ပြည်သူများအတွက် ထောက်ပံ့ငွေနှင့် ပစ္စည်းတန်ဖိုး စုစုပေါင်းငွေကျပ်(၁၅၅.၂၃၉)သန်းကျော် ထောက်ပံ့ပေးအပ်ခဲ့ပါသည်။

